
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## ၄.၀၁ ဘုရားသခင်ကိုနာခံသော ကလေး 4.01

## ဓမ္မရာဇဝင်ပဌမဆောင် ၁ - ၃

တခါကက လေကာနလို့ခေါ်တဲ့ လူတစ်ယောက်ရှိတယ်။သူ့မှာ မိန်းမနှစ်ယောက်ရှိတယ်။တစ်ယောက်က ပေနိန္နလို့ခေါ်တယ်။နောက်တစ်ယောက်နာမည်က ဟန္နလို့ခေါ်တယ်။ပေနိန္နမှာ သားသမီးရှိပေမယ့် ဟန္နမှာတော့ သားသမီးမရှိဘူး။

ထုံးစံရှိတဲ့အတိုင်း လေကာန နှင့် သူ့ရဲ့ မိန်းမနှစ်ယောက်ဟာ ပူဇော်သက္ကာများကိုယူဆောင်ပြီး ဘုရားသခင်ကိုပူဇော်ဖို့ရန် ဘုရားသခင့်အိမ်တော်ကို သွားလေ၏။

ထိုသို့သွားသည့်အခါတိုင်း ပေနိန္နသည် ဟန္နကိုဘုရားသခင်သားသမီး မပေးတာကို ရယ်မောပျက်ရည်ပြုတာကြောင့် ဟန္နသည် ငိုကြွေးလေ၏

အဲဒီနှစ်မှာ သူတို့ ထာဝရဘုရား၏အိမ်တော်ကိုသွားတဲ့အခါ ဟန္နက “ဘုရားသခင်, ကိုယ်တော်သမီးကို သားပေးမယ်ဆိုရင် ကိုယ်တော့်ကိုပဲတသက်လုံးအစေခံခိုင်းမယ်”လို့ စိတ်နှလုံးအကြွင်းမဲ့နဲ့ ညိုးငယ်စွာ ငိုကြွေးပြီးဆုတောင်းလေ၏။

ဟန္နသည် စိတ်နှလုံးအကြွင်းမဲ့နဲ့ ငိုကြွေးဆုတောင်းနေတာကို ပရောဖက် ဧလိက ဟန္နအရက်မူးနေတယ်လို့ ထင်ပြီး ဟန္နကို ဆူဆုံးမလေ၏။

အဲဒီအခါ ဟန္နက “ဘုရားသခင်က သားမပေးတာကြောင့် ကျွန်မနှလုံးသားကြေကွဲရတယ်.ဒါကြောင့် ထာဝရဘုရားရှေ့တော်၌စိတ်နှလုံးကို သွန်းလောင်းပါတယ်’’လို့ပြောတဲ့အခါ ဧလိက “ငြိမ်ဝပ်စွာသွားပါ၊ ဘုရားသခင်က သင်တောင်းတဲ့ရင်သွေးကိုပေးပါစေ’’လို့ပြောလေ၏။

ဟန္နအိမ်ရောက်တဲ့အခါ ဘုရားသခင်က သူမဆုတောင်းချက်ကို အဖြေပေးလေ၏။ တစ်နှစ်ကြာတဲ့အခါ ဟန္နသည် သားယောကျ်ားကိုမွေးဖွားလေ၏။ ထိုသားလေးကို ရှမွေလလို့ နာမည်ပေးတယ် အဓိပ္ပယ်က ဘုရားသခင်ကိုတောင်းတယ်လို့ ဆိုလိုတာဖြစ်တယ်။

ရှမွေလသည် အသက်အရွယ် အနည်းငယ်ရှိသောအခါ ဟန္နသည် သူငယ်ကို ဧလိထံသို့ခေါ်သွားပြီး “ဘုရားသခင်က ကျွန်မကိုဒီသားပေးတာကြောင့် ကျွန်မလည်း ဒီသားကို ဘုရားသခင်အစေခံဖို့အတွက် ဘုရားထံပြန်ပေးမယ်’’လို့ပြောလေ၏။ ထိုနေ့မှစပြီး ရှမွေလသည် ယစ်ပုရောဟိတ် ဧလိနဲ့အတူ ထာဝရဘုရားအိမ်တော်မှာနေပြီး သစ္စာရှိစွာ ဘုရားသခင်ကို အစေခံလေ၏။

နှစ်စဉ်နှစ်တိုင်း ဧလိကာနနှင့်ဟန္နသည် ရှမွေလထံသို့ သွားပြီး အဝတ်အစားအသစ်များကို ယူလာပေးလေသည်။ သားရှမွေလသည် ဘုရားသခင်ရှေ့တော်မှာ အရွယ်ရောက်လာပြီး ဘုရားမျက်နှာသာ လူ့မျက်နှာသာ ရသောကလေးဖြစ်လေသည်။ ဘုရားသခင်က ဟန္နကို နောက်ထပ် သားသုံးယောက် နှင့် သမီး နှစ်ယောက်ပေးလေ၏။ ဧလိသည် ယစ်ပုရောဟိတ်အကြီးဖြစ်ပြီး သူ၏သားနှစ်ယောက်လည်း ယစ်ပုရောဟိတ်အဖြင့် ဆက်ကပ်သော သူများဖြစ်လေ၏။ သို့သော် ဧလိသားများသည် ဘုရားသခင် မနှစ်သက်သော မကောင်းတဲ့အရာ ဆိုးညစ်တဲ့အရာများလုပ်ပြီး ဘုရားသခင်ကို စိတ်ပျက်စေကြလေသည်။ဒါပေမယ့် ဧလိသည် ထိုအရာများအတွက် ဘာမှမလုပ်ပဲနေ၏။

တညမှာ ရှမွေလအိပ်ပျော်နေချိန်တွင် ခေါ်သံတစ်ခုကို ကြားရပြီး၏အိပ်ရာမှနိုးလေ၏။သူ့စိတ်ထင်ဧလိခေါ်တာထင်ပြီး “ဟုတ်ကဲ့ ကျွန်ုပ် ဒီမှာပါ’’ဟု ပြန်ထူးလေ၏။ ထိုအခါဧလိက’’ငါမခေါ်ပါ၊ပြန်၍အိပ်ပါဟု’’ ပြန်ပြောလေ၏။ဒါပေမယ့် ဒီလိုမျိုးနှစ်ခါဖြစ်တဲ့အခါ ဧလိက ဒါဘုရားသခင် ရှမွေလကို ခေါ်တာပဲဖြစ်မယ်လို့ သိမှတ်လေ၏

## ဘုရားသခင်ကိုနာခံသောကလေး - ဆရာလမ်းညွှန် 4.01

## ဓမရာဇဝင်ပဌမစောင် ၁ -၃

### အဓိကအချက်များ

၁) တခါက လေကာနလို့ခေါ်တဲ့ လူတစ်ယောက်ရှိတယ်။သူ့မှာ မိန်းမနှစ်ယောက်ရှိတယ်။ ပေနိန္နမှာ သားသမီးရှိပေမယ့် ဟန္နတော့ သားသမီးမရနိုင်လို့ ဟန္နအရမ်းစိတ်မကောင်းဖြစ်ရတယ်။
၂ ) နှစ်တိုင်း ဧလိကာနမိသားစုတွေဟာ ထာဝရဘုရားအိမ်တော်သွားပြီး ဘုရားသခင်ကိုပူဇော်တယ်။ အထူးသဖြင့်အဲဒီနှစ်မှာတော့ ဟန္နသည် ဘုရားသခင်ကို စိတ်နှလုံးအကုန်အစင်သွန်းလောင်းလေ၏။
ဘုရားသခင်သူ့ကို ရင်သွေးပေးပါက ထိုသားကို တသက်လုံးဘုရားသခင့်အမှုကိုဆောင်ရွက်စေမည်ဟုဆိုလေ၏။
၃ ) ဘုရားသခင်က ဟန္နဆုတောင်းတာကို အဖြေပေးတယ်။ တစ်နှစ်ကြာတော့ သူမမှာ ရှမွေလလို့ ခေါ်တဲ့ သား ရလေ၏ ရှမွေလ အဓိပ္ပယ် ကဘုရားသခင်ကိုတောင်းတယ်လို့ ပြောချင်တာဖြစ်တယ်။
၄ ) ရှမွေလအသက်အရွယ်အနည်းငယ် ရှိတဲ့အခါ ဟန္နက သူ့ကို ဧလိလို့ခေါ်တဲ့ ယဇ်ပုရောဟိတ်ထံအပ်လေ၏။ ရှမွေလသည် ဧလိနှင့်အတူနေပြီး ဘုရားသခင်အမှုတော်ဆောင်ရွက်ဖို့ရန် သင်ယူလေ၏။
၅ ) ရှမွေလသည် တညမှာခေါ်သံကို ကိုကြားရတယ်။ ရှမွေလစိတ်အထင် ဧလိခေါ်တယ်ထင်ပေမယ့် ဧလိကသူခေါ်တာမဟုတ်ဘူးလို့ ပြောတယ်။ အဲလိုနောက်တခါပြန်ဖြစ်တဲ့အခါ ဧလိက ဘုရားသခင် ရှမွေလကို ခေါ်တာကို သိလေ၏။

### မေးခွန်းများ

1)   ဧလိကာနရဲ့ မိန်းမ ဟန္နသည် ဘာကြောင့် အလွန်ဝမ်းနည်းရတာလဲ?
၂) ဘုရားသခင်ကို ဟန္န ဘာဆုတောင်းတာလဲ?
၃)ဟန္နသူ့သားကို ဘာနာမည်ပေးလဲ?
၄)ဟန္န ရှမွေလကို ဘယ်ခေါ်သွားနေခိုင်းလဲ?
၅) တညမှာ ရှမွေလသည် ဘယ်သူ့ခေါ်သံကိုကြားသလဲ?

### အဖြေများ

၁)ဟန္နဝမ်းနည်းတာက သားသမီးမရှိသောကြောင့် ဖြစ်တယ်။
၂)ဘုရားသခင် ဟန္နကို ကလေးပေးရင် ဘုရားသခင်အမှုတော်မှာ စေခံခိုင်းမယ်လို့ ဆုတောင်းပါသည်။
၃)ဟန္နသည် သူ့သားကို ရှမွေလလို့ နာမည် ပေးသည်။
၄) ဟန္နသည် သားရှမွေလကို ယဇ်ပုရောဟိတ် ဧလိထံခေါ်သွားသည်။
၅) တညမှာ ရှမွေလသည် ဘုရားသခင့်ခေါ်သံကို သူကြားရသည်။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org